CHSAlliance
QUALITY. ACCOUNTABILITY. PEOPLE MANAGEMENT

# စုံစမ်းစစ်ဆေးရေး checklist အား စီမံခန့်ခွဲခြင်း

| စဉ် | စုံစမ်းစစ်ဆေးသည့် ကဏ္ဍ | မည်သူ | မည်သည် | မည်သည့်အချိန် |
|---|---|---|---|---|
| ၀၁ | တိုင်ကြားချက်ကို လက်ခံခြင်းနှင့် လက်ခံရရှိကြောင်း အသိအမှတ်ပြု ပြန်ကြားခြင်း | သက်ဆိုင်ရာ အဖွဲ့အစည်း၏ တိုင်ကြားမှုယန္တရား (ရှိလျှင်) ပေါ်တွင် မူတည်သည်။ ကြီးလေးပြင်းထန်သည့် ပြစ်မှု တိုင်ကြားချက်များကို လက်ခံသူသည် အဖွဲ့အစည်းအတွင်းရှိ အကြီးတန်းမန်နေဂျာ တစ်ဦး ဖြစ်သင့်သည်။ | • တိုင်ကြားမှုကို လေးစားစွာ၊ ပွင့်လင်းမြင်သာစွာ လက်ခံသင့်သည်။<br>• တိုင်ကြားမှုကို လက်ခံရရှိကြောင်း တရားဝင်အသိအမှတ်ပြုသင့်သည် (လိုအပ်လျှင် စာဖြင့် ရေးသား၍)။<br>• တိုင်ကြားသူနှင့် လွတ်လပ်ပွင့်လင်းစွာ ဆက်သွယ်သည့် လမ်းကြောင်းတစ်ခု ထူထောင်သင့်သည်။ | • ဤသည်မှာ အစဖြစ်ပြီး နောက်ပိုင်း လုပ်ဆောင်ရမည့် အရာအားလုံးကို အစပျိုးပေးပါသည်။<br>• ကြီးလေးပြင်းထန်သည့် ပြစ်မှု တိုင်ကြားချက်များကို ဖြစ်နိုင်လျှင် ၂၄ နာရီအတွင်း အသိအမှတ်ပြု ပြန်ကြားသင့်သည်။ |
| ၀၂ | စုံစမ်းစစ်ဆေးမှုတစ်ခု စတင်ပြုလုပ်မည်၊ မပြုလုပ်မည်ဆိုသည့် ဆုံးဖြတ်ချက် | နိုင်ငံအဆင့်ရှိ ညွှန်ကြားရေးမှူး ကဲ့သို့ အကြီးတန်းမန်နေဂျာ တစ်ဦးမှ ရုံးချုပ်နှင့် ပေါင်းစပ်ညှိနှိုင်း၍ (လိုအပ်ပါက) | • လက်ခံရရှိသည့် တိုင်ကြားချက်ပါ သတင်းအချက်အလက်များကို ဆန်းစစ်ခြင်း၊ အချက်အလက်များ လုံလောက်မှု ရှိ/မရှိ၊ စွပ်စွဲတိုင်ကြားသည့် မလျော်ကန်သော လုပ်ဆောင်မှုသည် မည်မျှ ကြီးလေးပြင်းထန်သနည်း၊ အဖွဲ့အစည်း၏ မူဝါဒများကို ချိုးဖောက်မှုတစ်ခုအဖြစ် ယူဆနိုင်ဖွယ်ရှိပါသလား၊ ယခင်က စွပ်စွဲချက်များ ရှိခဲ့ဖူးပါသလား၊ ရှင်သန်ကျန်ရစ်သူ၏ အသက်အရွယ်။<br>• စုံစမ်းစစ်ဆေးရေးမှူးကို သတ်မှတ် တာဝန်ပေးခြင်း။<br>• အခြားအဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှု ရှိပါသလား၊ စုံစမ်းစစ်ဆေးမှုကို ပူးတွဲလုပ်ဆောင်နိုင်မည့် အခြေအနေ ရှိပါသလား။ | • ကြီးလေးပြင်းထန်သည့် ပြစ်မှု တိုင်ကြားချက်ကို လက်ခံရရှိပြီး ၄၈ နာရီအတွင်း |

| စဉ် | စုံစမ်းစစ်ဆေးသည့် ကဏ္ဍ | မည်သူ | မည်သည် | မည်သည့်အချိန် |
| --- | --- | --- | --- | --- |
| ၀၃ | စုံစမ်းစစ်ဆေးရေးမှူး ရွေးချယ်ခြင်း | ညွှန်ကြားရေးမှူး နှင့်/သို့မဟုတ် အဆင့်မြင့်စီမံခန့်ခွဲမှုအဖွဲ့မှ | • အမှုကိစ္စကို တိုက်ရိုက်ကြီးကြပ်ရန် ဖြစ်သည်။<br>• သိရှိရန် လိုအပ်သည်များကို အထက်သို့ အစီရင်ခံတင်ပြရမည်။<br>• ဖြောင့်မတ်မှန်ကန်မှု၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့် အနိုင်အထက်ပြုခြင်း ကိစ္စရပ်များအကြောင်း နားလည်သိရှိမှု၊ HR အကြောင်း ဗဟုသုတရှိမှု၊ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားနှင့် အဖွဲ့အစည်း၏ အကျိုးစီးပွား ဆန့်ကျင်ဘက်ဖြစ်မှုများကို ဆွေးနွေးညှိနှိုင်းနိုင်စွမ်းတို့ ပေါ်တွင် အခြေခံ၍ ရွေးချယ်ရပါမည်။ | • စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်ချက် ချမှတ်လိုက်သည်နှင့် တစ်ပြိုင်နက် |
| ၀၄ | အန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်ခြင်းနှင့် ဥပဒေအကြံဉာဏ်များ | စုံစမ်းစစ်ဆေးရေးမှူး (လုံခြုံရေး အကြံပေးနှင့် ဥပဒေအကြံပေး တို့နှင့်အတူ) | • တိုင်ကြားသူ၊ ရှင်သန်ကျန်ရစ်သူ (တိုင်ကြားသူနှင့် တစ်ဦးတည်း မဟုတ်ပါက)၊ တိုင်ကြားခံရသူ၊ သက်သေများ၊ အဖွဲ့အစည်းမှ ဝန်ထမ်းများ၊ စုံစမ်းစစ်ဆေးရေး အဖွဲ့တို့အပေါ် လုံခြုံရေးအန္တရာယ် ကျရောက်နိုင်ခြေများ ဆန်းစစ်ခြင်းနှင့် အန္တရာယ်လျော့ပါးရေး ဆောင်ရွက်ချက်များကို စဉ်းစားခြင်း။<br>• နာမည်ဂုဏ်သတင်း ထိခိုက်နိုင်ခြေ<br>• ဥပဒေဆိုင်ရာ ရိုက်ခတ်နိုင်မှုများ၊ သက်ဆိုင်ရာဒေသရှိ ပြစ်မှုဆိုင်ရာ ဥပဒေကို ချိုးဖောက်ရာရောက်ပါသလား၊ အလုပ်သမားဥပဒေနှင့်ဆက်စပ်သည့် အခြေအနေ | တတ်နိုင်သမျှ အမြန်ဆုံး |

| စဉ် | စုံစမ်းစစ်ဆေးသည့် ကဏ္ဍ | မည်သူ | မည်သည် | မည်သည့်အချိန် |
|---|---|---|---|---|
| | | | အကြောင်းအရာများ၊<br>• ဒေသ၏ အခြေအနေ၊ ယဉ်ကျေးမှုနှင့် စုံစမ်းစစ်ဆေးခြင်းနှင့် ဒွန်တွဲလာနိုင်သည့် အကျိုးသက်ရောက်မှုများ၊<br>• ရာဇဝတ်ပြစ်မှုဖြစ်ပါက တိုင်ကြားရန် အတွက် ရှင်သန်ကျန်ရစ်သူထံမှ သဘော ထားတောင်းခံခြင်း၊<br>• တိုင်ကြားခံရသူကို အလုပ်မှ ဆိုင်းငံ့ မည်လား၊ | |
| ၀၅ | နစ်နာသူနှင့် သက်သေများကို ပံ့ပိုးကူညီမှု | စုံစမ်းစစ်ဆေးရေးမှူးက (ယခင်က လေ့လာမှတ်တမ်းပြုစုထားသည်) သင့်တော်သော ဒေသန္တရဌာန/ ဝန်ဆောင်မှုများသို့ လွှဲပြောင်းညွှန်း ပို့ပေးခြင်း | • ဆေးဝါးကုသစောင့်ရှောက်မှု<br>• စိတ်လူမှုပိုင်းအထောက်အပံ့ပေးခြင်း<br>• လိုအပ်လျှင် ဘေးကင်းလုံခြုံသည့် နေရာသို့ ပို့ဆောင်ခြင်း | တတ်နိုင်သမျှ အမြန်ဆုံး |
| ၀၆ | တိုင်ကြားခံရသူ၏ လုံခြုံရေးနှင့် ကူညီပံ့ပိုးမှု | စုံစမ်းစစ်ဆေးရေးမှူး (လိုအပ်ပါက လုံခြုံရေး အကြံပေးနှင့်အတူ) | • တိုင်ကြားခံရသူ၏ လုံခြုံရေးကို ခြိမ်းခြောက် မှုများအား ဆန်းစစ်ခြင်းနှင့် လျော့ပါးစေ မည့် နည်းလမ်းများ ရှာဖွေခြင်း၊ လိုအပ် ပါက ၎င်းကို နစ်ဖက်စလုံးနှင့် ဆက်နွှယ်မှု မရှိသည့် နေရာ (neutral location) သို့ ပို့ဆောင်ခြင်း၊ | တတ်နိုင်သမျှ အမြန်ဆုံး |
| ၀၇ | သတင်းအချက်အလက်စီးဆင်းမှုကို ထိန်းချုပ်ခြင်း | စုံစမ်းစစ်ဆေးရေးမှူး | • သင့်လျော်သော သတင်းအချက်အလက် များကို သိရန်လိုအပ်မှသာ မျှဝေခြင်း<br>• လျှို့ဝှက်ထိန်းသိမ်းပေးရန် အလွန်အရေး ကြီးသည်။<br>• စာရွက်စာတမ်းနှင့် အခြား သက်သေ | စဉ်ဆက်မပြတ် စောင့်ကြည့် ကြပ်မတ်ပြီး ပြန်လည်ဆန်းစစ် ခြင်းများကို ပုံမှန်ပြုလုပ်ရန် လိုအပ်သည်။ |

CHSAlliance
QUALITY. ACCOUNTABILITY. PEOPLE MANAGEMENT

| စဉ် | စုံစမ်းစစ်ဆေးသည့် ကဏ္ဍ | မည်သူ | မည်သည် | မည်သည့်အချိန် |
|---|---|---|---|---|
| | | | အထောက်အထားများ (ဥပမာ ကွန်ပျူတာ) ကို လုံခြုံစွာ ထိန်းသိမ်းခြင်း၊ | |
| ၀၈ | မီဒီယာကိစ္စများ | စုံစမ်းစစ်ဆေးရေးမှူး (လိုအပ်ပါက မီဒီယာ/လူထုပြန်ကြားရေး သို့မဟုတ် ဆက်သွယ်ရေးအဖွဲ့ နှင့်အတူ) | • မလိုအပ်ပါက မည်သည့်အသေးစိတ် အချက်အလက်ကိုမျှ မပေးရန်၊<br>• အမှုကိစ္စနှင့် ပတ်သက်သော သတင်း အချက်အလက်များ မီဒီယာသို့ ပေါက်ကြား သွားပါက အဖွဲ့အစည်းမှ သတင်းစကား တစ်ခုကို သဘောတူလက်ခံသင့်ပြီး မီဒီယာ စုံစမ်းမေးမြန်းမှုများအားလုံးကို သဘောတူသတ်မှတ်ပေးထားသည့် တာဝန်ခံမှတစ်ဆင့်သာ ပြုလုပ်ကြစေရန် စီစဉ်ဆောင်ရွက်ခြင်း၊ | စုံစမ်းစစ်ဆေးမှု စတင်ချိန်၊ ပေါက်ကြား သွားပါက အသင့် ဖြစ်နေစေရန် တုံ့ပြန်ဆောင် ရွက်မည့် အစီအစဉ်ကို ကြိုတင်ရေးဆွဲထားရန်၊ |
| ၀၉ | စုံစမ်းစစ်ဆေးမှုအတွက် အရင်းအမြစ်များ ပံ့ပိုးပေးခြင်း | စုံစမ်းစစ်ဆေးရေးမှူး | • အထောက်အကူပြုဝန်ထမ်းများ - ဘာသာပြန်သူများ လိုအပ်ပါသလား၊ ဘဏ္ဍာရေး နှင့်/သို့မဟုတ် IT ကျွမ်းကျင် သူများ၊<br>• ထောက်ပံ့ဖြည့်ဆည်းမှုများ (Logistics)<br>• ရန်ပုံငွေ<br>• စုံစမ်းစစ်ဆေးရေးအဖွဲ့ အစီအစဉ် ရေးဆွဲခြင်း၊ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခြင်းအတွက် လုံခြုံစိတ်ချရပြီး လျှို့ဝှက်ထိန်းသိမ်းနိုင်မည့် နေရာ၊<br>• ပစ္စည်းကိရိယာများ<br>• လုံခြုံရေးဆိုင်ရာ အကြံဉာဏ်များ<br>• သက်သေအထောက်အထားများ (စာရွက် | စုံစမ်းစစ်ဆေးမှု မစတင်မီနှင့် စုံစမ်းစစ်ဆေးနေစဉ်အတွင်း |

| စဉ် | စုံစမ်းစစ်ဆေးသည့် ကဏ္ဍ | မည်သူ | မည်သည် | မည်သည့်အချိန် |
|---|---|---|---|---|
| | | | စာတမ်းများ၊ ကွန်ပျူတာများ၊ စသည်) ကို တောင်းခံစစ်ဆေးရန် လုပ်ပိုင်ခွင့်ပေးခြင်း၊ | |
| ၁၀ | စုံစမ်းစစ်ဆေးရေးအဖွဲ့ ရွေးချယ်ခြင်းနှင့် ရှင်းလင်းမှာကြားခြင်း | စုံစမ်းစစ်ဆေးရေးမှူး | • သင့်လျော်သည့်၊ ကျွမ်းကျင်သည့်၊ အတွေ့ အကြုံရှိသည့် စုံစမ်းစစ်ဆေးသူများ၊<br>• စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် အနည်းဆုံး စုံစမ်းစစ်ဆေးသူ နှစ်ဦး ပါရှိရမည်၊ ဖြစ်နိုင်လျှင် ကျားမ မျှတစွာ ပါဝင်စေရမည်၊<br>• ရာထူးအဆင့်မြင့်သူတစ်ဦးကို စုံစမ်း စစ်ဆေးရမည်ဆိုလျှင် စုံစမ်းစစ်ဆေးသူများ၏ အသက်အရွယ်/အတွေ့အကြုံကို ထည့်သွင်းစဉ်းစားရွေးချယ်ရန်၊<br>• စုံစမ်း စစ်ဆေးသူများထဲတွင် သက်ဆိုင်ရာ ဒေသအကြောင်းနှင့် ယဉ်ကျေးမှုတို့ကို ထဲထဲဝင်ဝင် နားလည်သိရှိသူ အနည်းဆုံး တစ်ဦး ပါဝင်လျှင် အကောင်းဆုံးဖြစ်သည်။<br>• စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ (terms of reference) သတ်မှတ်ပေးပြီး လိုအပ်မည့် အချိန် အတိုင်းအတာကို သဘောတူ သတ်မှတ်ရန်၊<br>• စုံစမ်းစစ်ဆေးသူများသည် ပြင်ပမှ ဖြစ်လျှင် ကန်ထရိုက်စာချုပ်များ ချုပ်ဆိုပါ။ | စုံစမ်းစစ်ဆေးမှု စတင်ချိန် |
| ၁၁ | စုံစမ်းစစ်ဆေးမှု၏ မှန်ကန်ပြည့်စုံမှု | စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးမှူးတို့တွင် ပူးတွဲတာဝန်ရှိသည်။ | • လျှို့ဝှက်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒအပါ အဝင် ရှင်းလင်းတိကျစွာ ချမှတ်ထားသော မူဝါဒများ၊ | စုံစမ်းစစ်ဆေးမှုသည် သတ်မှတ်ထားသည့် အချိန်ကာလ အတွင်း ဆောင်ရွက်ပြီးစီး |

| စဉ် | စုံစမ်းစစ်ဆေးသည့် ကဏ္ဍ | မည်သူ | မည်သည် | မည်သည့်အချိန် |
|---|---|---|---|---|
| | | | • ရှင်းလင်းတိကျစွာ ရေးသားထားသော လုပ်ပိုင်ခွင့်နှင့်တာဝန်များစာရင်း (terms of reference) နှင့် စုံစမ်းစစ်ဆေးမှု လုပ်ထုံးလုပ်နည်းများ၊<br>• လျှို့ဝှက်ထိန်းသိမ်းပေးခြင်း၊<br>• သီးခြားလွတ်လပ်သည့် စုံစမ်းစစ်ဆေးသူများ<br>• အစီအစဉ်ကို ကောင်းစွာရေးဆွဲ၍ စေ့စပ်သေချာစွာ စနစ်တကျ စုံစမ်းစစ်ဆေးမှုများ<br>• အရည်အချင်းပြည့်မီ၍ အတွေ့အကြုံရှိသော စုံစမ်းစစ်ဆေးသူများ၊<br>• စုံစမ်းစစ်ဆေးရေးမှူးမှ စောင့်ကြည့်ကြပ်မတ်နေခြင်း။ | သင့်သည်။<br>သတ်မှတ်ထားသော အချိန်အတွင်း မပြီးစီးနိုင်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးမှူးအား စနစ်တကျ အကြောင်းကြား၍ အချိန်တိုးမြှင့်ပေးသင့်သည့် အကြောင်းရင်းကို တင်ပြသင့်သည်။ |
| ၁၂ | စုံစမ်းစစ်ဆေးရေး အစီအစဉ် ရေးဆွဲခြင်း | စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ် ဆေးရေးမှူးထံမှ အကြံဉာဏ်များ ရယူ၍ | • ထောက်ပံ့ဖြည့်ဆည်းမှုများ (Logistics)<br>• လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများ၊<br>• သွားရောက်စစ်ဆေးရန် လိုအပ်သည့် နေရာများ၊<br>• မည်သူ့ကို မည်သည့်နေရာတွင် မည်သည့် အစီအစဉ်ဖြင့် တွေ့ဆုံမေးမြန်းမည်နည်း၊<br>• ဒေသ၏ ယဉ်ကျေးမှုအခြေအနေများကို ထည့်သွင်းစဉ်းစားခြင်း၊<br>• အခြားအဖွဲ့အစည်းများ၊ ဒေသခံအာဏာပိုင်များနှင့် လိုအပ်သလို ဆက်သွယ်ဆောင်ရွက်ခြင်း၊ | စုံစမ်းစစ်ဆေးမှု မစတင်မီနှင့် စုံစမ်းစစ်ဆေးမှုကို ဆက်လက်ဆောင်ရွက်နေစဉ် စဉ်ဆက်မပြတ် သုံးသပ်စောင့်ကြည့်နေခြင်း |

CHSAlliance
QUALITY. ACCOUNTABILITY. PEOPLE MANAGEMENT

| စဉ် | စုံစမ်းစစ်ဆေးသည့် ကဏ္ဍ | မည်သူ | မည်သည် | မည်သည့်အချိန် |
|---|---|---|---|---|
| ၁၃ | စုံစမ်းစစ်ဆေးမှု ပြုလုပ်နေစဉ်အတွင်း စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း | စုံစမ်းစစ်ဆေးရေးမှူး | • စုံစမ်းစစ်ဆေးစဉ်အတွင်း ပေါ်ပေါက်လာသော ပြဿနာများနှင့် အရေးကိစ္စများ (ထပ်မံပေါ်ပေါက်လာနိုင်သော ချိုးဖောက်မှုများ အပါအဝင်) ကို ဆွေးနွေးရန် တွေ့ဆုံနိုင်ရမည်။<br>• စုံစမ်းစ်စဆေးရေးအဖွဲ့၏ ဘေးကင်း လုံခြုံရေးနှင့် အဆင်ပြေရေးကို အမြဲသတိပြု ဆောင်ရွက်ပေးခြင်း၊<br>• စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အခြေခံစည်းမျဉ်းများနှင့် အဖွဲ့အစည်း၏ စုံစမ်းစစ်ဆေးရေးလုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာမှုအား စောင့်ကြည့်စစ်ဆေးခြင်း၊<br>• ရုံးချုပ်နှင့် စုံစမ်းစစ်ဆေးနေသည့် နေရာမှ မန်နေဂျာများကြား ဆက်သွယ်ဆောင်ရွက်ခြင်း၊<br>• စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် အဖွဲ့အစည်းတွင်းရှိ အခြားသူများကြား ဆက်ဆံရေးကို စီမံခန့်ခွဲခြင်း၊<br>• စုံစမ်းစစ်ဆေးရေးအဖွဲ့အား နောက်ခံအချက်အလက်များ နှင့်/သို့မဟုတ် စာရွက်စာတမ်း သက်သေအထောက်အထားများ လက်လှမ်းမီ ရရှိနိုင်အောင် ကူညီခြင်း၊ | စုံစမ်းစစ်ဆေးမှု ပြုလုပ်နေစဉ် ကာလတစ်လျှောက်လုံး |
| ၁၄ | သက်သေအထောက်အထားများ စုဆောင်းခြင်း | စုံစမ်းစစ်ဆေးရေးအဖွဲ့ | • စာရွက်စာတမ်းအထောက်အထားများ၊ ကွန်ပျူတာစက်ကိရိယာများ (လိုအပ်လျှင်)၊ | စုံစမ်းစစ်ဆေးမှုပြုစဉ်အတွင်း စနစ်တကျပြုလုပ်ရန်၊ |

CHSAlliance
QUALITY. ACCOUNTABILITY. PEOPLE MANAGEMENT

| စဉ် | စုံစမ်းစစ်ဆေးသည့် ကဏ္ဍ | မည်သူ | မည်သည် | မည်သည့်အချိန် |
|---|---|---|---|---|
| | | | ကွင်းဆင်းစစ်ဆေးမှု မှတ်တမ်းများ၊ တွေ့ဆုံမေးမြန်းမှုများမှ သက်သေခံ ထွက်ဆိုချက်မှတ်တမ်းများကို စုဆောင်းခြင်းနှင့် လုံခြုံစွာသိမ်းဆည်းခြင်း | |
| ၁၅ | စုံစမ်းစစ်ဆေးမှု အစီရင်ခံစာ ရေးသားခြင်း | စုံစမ်းစစ်ဆေးရေးအဖွဲ့ | • အတိုင်ကြားခံရသူတစ်ဦးချင်းစီအတွက် သီးခြားအစီရင်ခံစာများ၊<br>• ချိုးဖောက်ကျူးလွန်သည်ဟု စွပ်စွဲတိုင်ကြားချက်၏ အစိတ်အပိုင်း တစ်ခုချင်းစီကို ဟုတ်မှန်ကြောင်း သို့မဟုတ် မဟုတ်မှန်ကြောင်း သက်သေပြသည့် အထောက်အထားများအား စနစ်တကျနှင့် ရှင်းလင်းစွာ တင်ပြခြင်း၊<br>• စွပ်စွဲတိုင်ကြားချက်တစ်ခုချင်းစီ အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်များစာရင်း၊<br>• တွေ့ရှိချက်များမှာ အောက်ပါတို့ ဖြစ်နိုင်သည် -<br>○ တိုင်ကြားချက်ကို အတည်ပြုသည်၊<br>○ တိုင်ကြားချက်ကို အတည်မပြုနိုင် (မဟုတ်မှန်ကြောင်း သက်သေပြနိုင်၍)၊<br>○ တိုင်ကြားချက်ကို အတည်မပြုနိုင် (သက်သေမလုံလောက်၍)၊<br>• သီးခြားစီမံခန့်ခွဲမှုဆိုင်ရာ စောင့်ကြည့်လေ့လာမှု အစီရင်ခံစာတွင် မူဝါဒများ | သက်သေအထောက်အထားများ စုဆောင်းပြီးသည့်နောက် |

| စဉ် | စုံစမ်းစစ်ဆေးသည့် ကဏ္ဍ | မည်သူ | မည်သည် | မည်သည့်အချိန် |
|---|---|---|---|---|
| | | | နှင့်/သို့မဟုတ် လုပ်ထုံးလုပ်နည်းများ ပြောင်းလဲရန် အကြံပြုချက်များ၊ | |
| ၁၆ | အပြီးသတ်အစီရင်ခံစာကို သုံးသပ်လေ့လာခြင်း | စုံစမ်းစစ်ဆေးရေးမှူး၊ စီမံခန့်ခွဲရေးအဖွဲ့မှ သင့်လျော်သလို ကူညီပံ့ပိုးမှုဖြင့် | • သုံးသပ်လေ့လာခြင်း<br>• တွေ့ရှိချက်များကို လက်ခံအတည်ပြုမည်လား သို့မဟုတ် အချက်အလက်များ ထပ်မံတောင်းခံမည်လား ဆုံးဖြတ်ခြင်း<br>• စုံစမ်းစစ်ဆေးမှု၏ နောက်ဆက်တွဲ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း | အစီရင်ခံစာကို တင်ပြလာသည်နှင့် အချိန်မဆိုင်းဘဲ |
| ၁၇ | စုံစမ်းစစ်ဆေးမှု ပြီးစီးသည့်နောက် လုပ်ဆောင်ချက်များ | စုံစမ်းစစ်ဆေးရေးမှူး၊ စီမံခန့်ခွဲရေးအဖွဲ့မှ သင့်လျော်သလို ကူညီပံ့ပိုးမှုဖြင့် - အထူးသဖြင့် လူ့စွမ်းအားအရင်းအမြစ်ဌာနနှင့် ဥပဒေအကြံပေး | • အရေးယူအပြစ်ပေးခြင်း၊ ကြားနာခြင်း၊ ကန်ထရိုက်စာချုပ် ချိုးဖောက်ပါက အလုပ်မှ ထုတ်ပယ်ခြင်း၊<br>• အာဏာပိုင်များထံ လွှဲပြောင်းမည်လား၊<br>• ရှင်သန်ကျန်ရစ်သူ(များ) ကို ဆက်လက်ပံ့ပိုးကူညီမည်လား၊<br>• တိုင်ကြားသူ၊ နစ်နာသူ၊ တိုင်ကြားခံရသူ၊ သက်သေများ၊ ရပ်ရွာလူထု၊ ဝန်ထမ်းများထံ လိုအပ်သလို အသိပေးပြန်ကြားခြင်း၊<br>• တိုင်ကြားမှုသည် မမှန်ကန်ကြောင်း တွေ့ရှိရပါက တိုင်ကြားခံရသူ၏ နာမည်ဂုဏ်သတင်း ထိခိုက်မှု လျော့နည်းစေရန် ဆောင်ရွက်ပေးခြင်း၊<br>• တိုင်ကြားခံရသူ၏ လုပ်နည်းလုပ်ဟန် အားနည်းချို့ယွင်းမှုများကို ဖော်ထုတ်တွေ့ရှိရပါက သင်တန်းပေးခြင်းနှင့် | • စုံစမ်းစစ်ဆေးမှု အစီရင်ခံစာ တင်ပြပြီး တစ်ပတ်အတွင်း<br>• ဤအဆင့်သည် မူလတိုင်ကြား စာကို လက်ခံရရှိပြီး ၂၈ ရက်အတွင်းတွင် ရောက်ရှိလျှင် အကောင်းဆုံး ဖြစ်ပါသည်။ |

| စဉ် | စုံစမ်းစစ်ဆေးသည့် ကဏ္ဍ | မည်သူ | မည်သည် | မည်သည့်အချိန် |
|---|---|---|---|---|
| | | | စောင့်ကြည့်စစ်ဆေးခြင်းများကို လိုအပ်ပါက ဆောင်ရွက်ပေးခြင်း၊<br>• ရပ်ရွာလူထုနှင့် ဆက်ဆံရေးပျက်ပြားမှု နည်းပါးအောင် ဆောင်ရွက်ခြင်း၊<br>• ဝန်ထမ်းများ၏ စိတ်ဓာတ်ရေးရာကို မြှင့်တင်အားပေးခြင်း၊<br>• စီမံခန့်ခွဲမှု စောင့်ကြည့်လေ့လာရေး အစီရင်ခံစာမှ အကြံပြုချက်များအပေါ် ဆက်လက်ဆောင်ရွက်ခြင်း၊<br>• အန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်မှုဇယား (risk matrix) ကို ပြန်လည် သုံးသပ်ခြင်းနှင့် အနာဂတ်တွင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် အနိုင်အထက်ပြုမှုများ မဖြစ်ပေါ်အောင် တားဆီးကာကွယ်ရေး နည်းလမ်းများကို အားကောင်းအောင် လိုအပ်သလို လုပ်ဆောင်ခြင်း။ | |